# ငွေကြေးခဝါချမှုနှင့်ဆက်နွယ်သည့် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေး သတင်း အချက်အလက်များ ဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ထိုင်းဘုရင့်နိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်နှိမ်နင်းရေးရုံးတို့အကြား သဘောတူ လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာ

၁။ ထိုင်းဘုရင့်နိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်နှိမ်နင်းရေးရုံး (AMLO) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (ဤနောက်ပိုင်းတွင် "လက်မှတ်ရေးထိုးသည့် နှစ်ဖက်နိုင်ငံများ" ဟုဖော်ပြမည်) အဖွဲ့တို့သည် ငွေကြေးခဝါချခြင်းနှင့်သက်ဆိုင်သည့် မှုခင်းဖြစ်ရပ်များနှင့် ငွေကြေး ခဝါချသောပြစ်မှုကျူးလွန်သည်ဟု သင်္ကာမကင်းသူများအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့တွင် လွယ် ကူချောမွေ့စေရန်အတွက် နှစ်ဦးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသည်နှင့်အညီ အောက်ပါနားလည် သဘော တူညီမှုများ ချမှတ်ထားရှိပါသည် -

(က) လက်မှတ်ရေးထိုးသည့် နှစ်ဖက်နိုင်ငံတို့သည် ယင်းတို့နိုင်ငံတွင်ရှိနေသော ငွေကြေးခဝါချခြင်း နှင့်ပတ်သက်သည်ဟုသင်္ကာမကင်းဖွယ် ငွေကြေးဆိုင်ရာလွှဲပြောင်းမှုသတင်းများ (သို့မဟုတ်) ငွေကြေးခဝါချခြင်းဆိုင်ရာ မှုခင်းဖြစ်စဉ်အခြေအနေများကို စုဆောင်းခြင်း၊ သတင်းဖွံ့ဖြိုးတိုးတက် မှုရှိစေရန်သုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရမည်။ ဤကိစ္စ အလို့ငှာလက်မှတ်ရေးထိုးသည့် (၂) နိုင်ငံတို့သည် မိမိတို့နိုင်ငံအတွင်း စုံစမ်းစစ်ဆေးနေသော ငွေကြေးခဝါချခြင်းဆိုင်ရာအမှုများနှင့်ပတ်သက်၍ ရရှိနိုင်သည့် သတင်းအချက်အလက်များနှင့် ဆက်နွယ်ပတ်သက်သူများ (သို့မဟုတ်) ကုမ္ပဏီများ၏ သတင်းအချက်အလက်များကို မိမိ အလိုအလျောက်ဖြစ်စေ (သို့မဟုတ်) မေတ္တာရပ်ခံချက်အရဖြစ်စေ လက်မှတ်ရေးထိုးထားသည့် (၂) နိုင်ငံ၏ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတင်းဖလှယ်ရန်ဖြစ်ကြောင်း၊ မေတ္တာရပ်ခံချက်တစ်ရပ်တောင်းဆိုရာတွင် အကျိုးအကြောင်းထင်ရှားစေရန် အမှုအကျဉ်းချုပ် ဖော်ပြတောင်းဆိုရန်လိုအပ်ကြောင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံအသီးသီးမှရရှိသည့် သတင်းအချက်အလက် (သို့မဟုတ်) စာရွက်စာတမ်းများ ကို တတိယနိုင်ငံသို့ဖြန့်ဝေခြင်းမပြုရန်နှင့် သတင်းအချက်အလက်ပေးပို့သည့် လက်မှတ်ရေးထိုး သည့်နိုင်ငံ၏ ကြိုတင်သဘောတူညီချက်မရှိလျှင် စီမံခန့်ခွဲခြင်း၊ တရားစွဲဆိုခြင်းဆိုင်ရာ (သို့မဟုတ်) တရားရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးမပြုရ၊ ဤနားလည်မှုစာချွန်လွှာ (MOU) နှင့်အညီ လက်ခံရရှိထားသည့်သတင်းအချက်အလက်များကို ထိုင်းနိုင်ငံအတွက် နောက်ဆက်တွဲ(၁) ပါ ပြစ်မှုများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် နောက်ဆက်တွဲ(၂) ပါပြစ်မှုများ၊ (ငွေကြေး ခဝါချခြင်းပြစ်မှုဖြစ်ပေါ်စေသည့် သီးခြားသတ်မှတ်ထားသောပြစ်မှုများ) အတွက်သာ သတ်မှတ် ချက်နှင့်အညီ အသုံးပြုရန်နှင့် အဆိုပါသီးခြားသတ်မှတ်ထားသော ပြစ်မှုများအပြောင်းအလဲ ရှိခဲ့လျှင် နောက်ဆက်တွဲစာရင်းအား အချိန်နှင့်တစ်ပြေးညီပြင်ဆင်သွားရန် ဆောင်ရွက်ရမည်။

(ဂ) လက်မှတ်ရေးထိုးထားသည့် နှစ်ဖက်နိုင်ငံများသည် နိုင်ငံအလိုက်အသီးသီးရရှိထားသည့် သတင်း အချက်အလက် (သို့မဟုတ်) စာရွက်စာတမ်းများကို သတင်းအချက်အလက်ပေးပို့သည့် သက်

ဆိုင်ရာနိုင်ငံ၏ခွင့်ပြုချက်မရှိဘဲ ဤနားလည်မှုစာချွန်လွှာတွင်ဖော်ပြထားသည့်ကိစ္စများအတွက်သာ အသုံးပြုပြီး အခြားမသက်ဆိုင်သောကိစ္စရပ်များအတွက် အသုံးပြုခြင်း၊ ဖြန့်ဝေခြင်းကို ခွင့်မပြုသင့်ကြောင်း၊

(ဃ) ယခုနားလည်မှုစာချွန်လွှာကိုအသုံးပြု၍ရရှိလာသော သတင်းအချက်အလက်များသည် လျှို့ဝှက်အဆင့်ထိန်းသိမ်းထားရှိရမည်။ သတင်းလက်ခံရရှိသောလက်မှတ်ရေးထိုးသည့်နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွင်းမှ ရရှိသော အလားတူသတင်းအချက်အလက်များထိန်းသိမ်းရာတွင် လိုက်နာရမည့် ဥပဒေစည်းမျဉ်းများနည်းတူ ကိုးကွယ်ထိန်းသိမ်းထားရှိရမည်။

(င) လက်မှတ်ရေးထိုးသည့်နှစ်ဖက်နိုင်ငံတို့သည် ယင်းတို့၏နိုင်ငံအသီးသီးရှိ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နှစ်နိုင်ငံသဘောတူလက်ခံနိုင်သည့် ဆက်သွယ်မှုလုပ်ထုံးလုပ်နည်းများကို စီမံအကောင်အထည်ဖော်ရန်နှင့် ဤနားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ညှိနှိုင်းဆောင်ရွက်သွားရန်၊

(စ) လက်မှတ်ရေးထိုးသည့်နှစ်ဖက်နိုင်ငံအကြား ဆက်သွယ်မှုများကို အတတ်နိုင်ဆုံး အင်္ဂလိပ်ဘာသာဖြင့်အသုံးပြုဆောင်ရွက်ရမည်။

(ဆ) လက်မှတ်ရေးထိုးသည့် နှစ်ဖက်နိုင်ငံအနေဖြင့် မေတ္တာရပ်ခံချက်တွင် ဖော်ပြထားသည့် သတင်းအချက်အလက်သည် မိမိနိုင်ငံ၌တရားစီရင်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ စတင်ဆောင်ရွက်လျက်ရှိနေလျှင် အကူအညီပေးရန်တာဝန်မရှိစေရ၊

(ဇ) ဤနားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးသည့် နှစ်ဖက်နိုင်ငံအကြား နှစ်ဦးသဘောတူညီချက်ဖြင့် မည်သည့်အချိန်တွင်မဆို ပြင်ဆင်နိုင်သည်။

(ဈ) ဤနားလည်မှုစာချွန်လွှာသည် လက်မှတ်ရေးထိုးထားသည့်နေ့မှစ၍ အသက်ဝင်စေရန်နှင့် လက်မှတ်ရေးထိုးသည့်နိုင်ငံတစ်နိုင်ငံက အခြားလက်မှတ်ရေးထိုးသည့်နိုင်ငံသို့ စာဖြင့် (၆) လကြိုတင်၍ ရပ်စဲရန်အကြောင်းမကြားလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

၂။ နားလည်မှုစာချွန်လွှာအား အင်္ဂလိပ်ဘာသာဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ရက်နေ့တွင် (၂) စောင် လက်မှတ်ရေးထိုးကြပါမည်။

| | |
|---|---|
| xxxxxxxxxxxxxxxxxxx | xxxxxxxxxxxxxxxxxxx |
| AMLO ငွေကြေးခဝါချမှုတိုက်ဖျက်နှိမ်နင်းရေးရုံး | FIU ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ထိုင်းဘုရင့်နိုင်ငံ | ပြည်ထဲရေးဝန်ကြီးဌာန |
| | ပြည်ထောင်စုမြန်မာနိုင်ငံတော် |

နောက်ဆက်တွဲ (၁)

**မြန်မာနိုင်ငံ၏ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ**
**ထိန်းချုပ်ရေးဥပဒေအရ သတ်မှတ်ထားသော**
**ငွေကြေးခဝါချခြင်းဆိုင်ရာ ပြစ်မှုများစာရင်း**

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ကျူးလွန်သော ပြစ်မှုများ၊

(၂) အမျိုးသမီးများနှင့် ကလေးများကို ရောင်းဝယ်ဖေါက်ကားမှုနှင့် တရားမဝင်လူခိုးသွင်းမှုနှင့် ခိုးထုတ်မှုများ၊

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲငွေရေးကြေးရေးအဖွဲ့အစည်း ၏ လုပ်ငန်းလုပ်ကိုင်မှုများ၊

(၄) ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ခိုးယူမှုနှင့် ခိုးထုတ်မှုများ၊

(၅) လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တရားမဝင်သယ် ဆောင်ရောင်းဝယ်မှုများ၊

(၆) ငွေကြေးအတုပြုလုပ်မှု၊ သုံးစွဲမှုနှင့် လက်ဝယ်ထားမှုများ၊

(၇) လေယာဉ်၊ ရေယာဉ် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို အပိုင်စီးမှုများ၊

(၈) အီလက်ထရွန်းနစ် နည်းပညာဖြင့် ကျူးလွန်သည့်ပြစ်မှုများ၊

(၉) အကြမ်းဖက်၍ ကျူးလွန်သည့် ပြစ်မှုများ၊

(၁၀) လိမ်လည်မှုများ၊

(၁၁) အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ၊

## နောက်ဆက်တွဲ(၂)

အင်ဒိုနီးရှားနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ငွေကြေး(သို့မဟုတ်)ပစ္စည်း တစ်စုံတစ်ရာသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးပစ္စည်းများဟုသတ်မှတ်သည်-

(က) အဂတိလိုက်စားခြင်း။

(ခ) လာဘ်စားခြင်း။

(ဂ) ကုန်ပစ္စည်းမှောင်ခိုခြင်း။

(ဃ) အလုပ်သမားမှောင်ခိုခြင်း။

(င) လူမှောင်ခိုခြင်း။

(စ) ဘဏ်လုပ်ငန်းဆိုင်ရာပြစ်မှုများ။

(ဆ) စျေးကွက်လုပ်ငန်းဆိုင်ရာပြစ်မှုများ။

(ဇ) အာမခံလုပ်ငန်းဆိုင်ရာပြစ်မှုများ။

(ဈ) မူးယစ်ဆေးဝါးပြစ်မှုများ။

(ည) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာပြစ်မှုများ။

(ဋ) လူကုန်ကူးခြင်း။

(ဌ) တရားမဝင်လက်နက်ရောင်းဝယ်ခြင်း။

(ဍ) ပြန်ပေးဆွဲခြင်း။

(ဎ) အကြမ်းဖက်ခြင်း။

(ဏ) ခိုးမှု။

(တ) အလွဲသုံးစားမှု။

(ထ) လိမ်လည်မှု။

(ဒ) ငွေကြေးအတုပြုလုပ်မှု။

(ဓ) လောင်းကစားမှု။

(န) ပြည့်တန်ဆာမှု။

(ပ) အခွန်ဆိုင်ရာပြစ်မှုများ။

(ဖ) သစ်တောဆိုင်ရာပြစ်မှုများ။

(ဗ) ပတ်ဝန်းကျင်ရေးရာပြစ်မှုများ။

(ဘ) ရေကြောင်းဆိုင်ရာပြစ်မှုများ။

(မ) ထောင်ဒဏ်(၄)နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သော ပြစ်မှုများ။